http://www.dhammadownload.com

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၅၃)

# အပြစ်တင်ခြင်း

နှင့်

# ကဲ့ရဲ့ခြင်း

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

ဦးဘဖိုး+ဒေါ်အုန်းကြည် (ပရဆေးဆိုင်)

မိသားစု

ဦးရွှေဟန် + ဒေါ်စောကြည်

အောင်ဇမ္ဗူပုံနှိပ်လုပ်ငန်း မိသားစု

ဦးခင်မောင်ထွေး + ဒေါ်မမြင့်သိန်း

မိသားစု

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အပြစ်တင်ခြင်း နှင့် ကဲ့ရဲ့ခြင်း

http://www.dhammadownload.com

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့်
ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

# အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၇-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၄)ရက်၊ ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၊ (၃၁)လမ်းအလယ်ဘလောက်၊ ဓမ္မမဏ္ဍပ်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် (၃၁) လမ်း မိသားစုတို့၏ ပဥ္စမအကြိမ် ဓမ္မပူဇာ၊ ဓမ္မသဘင်ပွဲ၌ ဟောကြားအပ်သော **'အပြစ်တင်ခြင်း နှင့် ကဲ့ရဲ့ခြင်း'** အကြောင်း တရားဒေသနာတော်။

**အပြစ်တင်ခြင်း၊ ကဲ့ရဲ့ခြင်း** ဆိုတာ လူတွေ အလွယ်တကူ လုပ်လေ့လုပ်ထရှိတဲ့ အရာတစ်ခု ဖြစ်တယ်။ အပြစ်တင်တာ ကဲ့ရဲ့တာဟာ အလွန်လွယ်တယ်ပေါ့။ လူတွေဟာ တစ်ဦးကိုတစ်ဦး အပြစ်တင် ကဲ့ရဲ့သမှု ပြုကြတယ်။ အဲဒီ **အပြစ်တင်ခြင်း ကဲ့ရဲ့ခြင်း** ဟာ နေရာတိုင်းမှာ ကောင်းသလားဆိုရင် မကောင်းတာများတယ်။ အပြစ်တင်ထိုက်တဲ့ပုဂ္ဂိုလ်ကို အပြစ်တင်

http://www.dhammadownload.com



တာတို့၊ ကဲ့ရဲ့ထိုက်တဲ့ပုဂ္ဂိုလ်ကို ကဲ့ရဲ့တာကတော့ မှန်တယ်။ ဆရာသမားများက တပည့်တွေကို၊ မိဘများက သားသမီးတွေကို အပြစ်တင်တာတို့၊ ကဲ့ရဲ့တာတို့ လုပ်လေ့လုပ်ထ ရှိတယ်။ အပြစ်ပြင်ပြီး ဆုံးမတဲ့အနေနဲ့ အပြစ်တင်တယ်၊ ဆုံးမတဲ့အနေနဲ့ ကဲ့ရဲ့တယ်။ ဒါက လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ဖြစ်တယ်။

ဘာကြောင့် လုပ်သင့်တာတုန်းဆိုရင် လူတွေဆိုတာ ကိုယ့်အပြစ် ကိုယ်မမြင်ကြဘူး၊ သူများအပြစ်သာ မြင်တတ်ကြတယ်။ မမြင်တဲ့အပြစ်ကို မြင်အောင်ပြောပြခြင်းဟာ အမှားအယွင်းတခုကို ပြုပြင်ပေးခြင်းပဲဖြစ်တယ်။ အပြစ်တင်ခြင်း၊ ကဲ့ရဲ့ခြင်းဖြင့် လူတစ်ဦးဟာ သူ့ကိုယ်သူ ပြုပြင်သွားနိုင်လို့ ကောင်းကျိုးချမ်းသာတွေကို ရနိုင်တယ်။ အဲဒီလို "အပြုသဘောဆောင်တဲ့ အပြစ်တင်ခြင်းနဲ့ ကဲ့ရဲ့ခြင်းမျိုး"ကို လုပ်သင့်တယ်ပေါ့။

သို့သော် လူတွေ လွယ်လွယ်ကူကူ လုပ်နေကြတဲ့ အပြစ်တင်ခြင်း၊ ကဲ့ရဲ့ခြင်းက ကိုယ့်စိတ်နဲ့မတည့်လို့ လုပ်တာတွေက များတယ်။ ကိုယ့်စိတ်နဲ့ အဆင်မသင့်လို့

http://www.dhammadownload.com



လွယ်လွယ်နဲ့ အပြစ်တင်တတ်တယ်၊ လွယ်လွယ်နဲ့ ကဲ့ရဲ့တတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေမှာ ကောင်းကျိုးချမ်းသာ မရတတ်ဘူး။ ဒါ သတိထားဖို့ပေါ့နော်။

ဆိုပါစို့၊ မကဲ့ရဲ့ထိုက်တဲ့ ပုဂ္ဂိုလ်ကို ကဲ့ရဲ့မိပြီဆိုရင် အဲဒီ ကဲ့ရဲ့မိတဲ့အပြစ်ဟာ ဆိုးဝါးတဲ့ အပြစ်တစ်ခု ဖြစ်သွားတယ်။ ဒါကြောင့်မို့ သတိထားရမယ်။ **'ဝစီဘေဒ ထိတိုင်းရှ'** ဆိုတဲ့အတိုင်း နှုတ်က ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ တဖက်သားရဲ့ ဂုဏ်သိက္ခာ ထိခိုက်သွားမယ်ဆိုရင် အပြောခံရတဲ့ပုဂ္ဂိုလ် ဂုဏ်သိက္ခာ ညစ်နွမ်းသလို ပြောသူကိုယ်တိုင်မှာ ကြီးလေးသော ဆိုးကျိုးကို ခံစားရတတ်တယ်။ လူတွေဟာ ကိုယ့်နှုတ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်မှုမရှိဘဲ လွယ်လွယ်ကူကူ ပြောတတ်ကြတယ်။ freedom of speech လွတ်လပ်စွာ ပြောတတ်ကြတယ်။ ပြောတဲ့စကားဟာ Defamation တဖက်သားရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတယ်။

အဲ့ဒီလိုပြောတဲ့အခါ အသရေဖျက်မှုနဲ့ တရားစွဲခံရတာတွေကော မရှိဘူးလားဆိုရင် ရှိတယ်။ အဲဒီတော့

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေ အပြစ်တင်တော့မယ်၊ ကဲ့ရဲ့တော့မယ်ဆိုရင် ကိုယ့်ဟာကိုယ် ပြန်လည်ဆန်းစစ်သင့်တယ်။ အပြစ်တင်ထိုက်တာ ဟုတ်ရဲ့လား၊ ကဲ့ရဲ့ထိုက်တာ ဟုတ်ကဲ့လား၊ ငါ့စိတ်ထဲက မကြိုက်လို့ ပြောနေတာလား။ တကယ်ကော ငါအပြစ်တင် ကဲ့ရဲ့လိုက်လို့ ဒီပုဂ္ဂိုလ်ဟာ ကောင်းသွားမှာလား ဆိုတာတွေကအစ အလေးအနက်ထား ဆင်ခြင်ပြီးမှ လုပ်သင့်တယ်ပေါ့။

မဟုတ်ဘူးဆိုလို့ရှိရင် သူများကို အပြစ်တင်တာ၊ သူများကို ကဲ့ရဲ့တာဟာ ကိုယ့်အပေါ်မှာ ပြန်ပြီး ကြီးမားတဲ့အပြစ်တစ်ခု ပြန်လည်ကျရောက်တတ်တယ်။ ဒါကို အလွန်သတိထားစရာ ကောင်းတာပေါ့။ လောကလူတွေဟာ အပြစ်တင်တာကို လွယ်လွယ်ကူကူ လုပ်တတ်တယ်။

လူတိုင်းလူတိုင်းရဲ့ နေ့စဉ်ဘဝမှာ နှုတ်ကို စောင့်စည်းခြင်း၊ အပြောအဆို စည်းကမ်းချက်ထားခြင်းဟာ အင်မတန်မှတန်ဖိုးရှိတယ်။ လူ့လောကမှာ အလုပ်ဆိုတာ နှုတ်နဲ့ပြောတာရယ်၊ ကိုယ်ထိလက်ရောက်

http://www.dhammadownload.com



လုပ်တာရယ် ဒီနှစ်ခုပဲ ရှိတယ်။ အဲဒီလို နှုတ်နဲ့ပြော၊ ကိုယ်ထိလက်ရောက်လုပ်ခြင်းကို အမှားအယွင်း မရှိအောင် သတိထားပြီးတော့ ဆောင်ရွက်ကြရမယ်။

ပြစ်တင်မှု၊ ကဲ့ရဲ့မှုနဲ့ပတ်သက်ပြီး သူတစ်ပါးရဲ့ အပြစ်ကို ရှုမြင်တာဟာ ရှုမြင်တိုင်း ကောင်းသလား၊ ကဲ့ရဲ့တာဟာ ကဲ့ရဲ့တိုင်း ကောင်းသလား။ မကောင်းတာတွေ အများကြီးရှိတယ်။ မြတ်စွာဘုရားက ဟောထားတယ်။

**'ပရဝဇ္ဇာနုပဿိဿ**
**နိစ္စံ ဥဇ္ဈာန သညိနော'**

"သူတစ်ပါးအပြစ်ကို ရှုမြင်တတ်တဲ့၊ အမြဲပင် ကဲ့ရဲ့ဖို့ အလေ့အကျင့်ရနေတဲ့ ပုဂ္ဂိုလ်မှာ . . ."

လောကလူတွေဟာ ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင်မှာကြည့်ရင် ဘယ်သူကဖြင့် ဘာလုပ်တာပဲ၊ ဘယ်သူကဖြင့် ဘာပြောတာပဲ ဆိုပြီးတော့ တဖက်သားကို

http://www.dhammadownload.com



Blame လုပ်ဖို့ပဲ စဉ်းစားတာ များတယ်။ ကိုယ့်ကိုယ်ကိုလည်း အဲဒီအကျင့်စရိုက် ရှိမယ်ဆိုရင် ဒီ အကျင့်စရိုက်ကို ပြုပြင်ဖို့ လိုအပ်တယ်ပေါ့။ သူများကို Blame မလုပ်ပါနဲ့၊ ကိုယ့်အပြစ်ကိုပဲ ကိုယ်ကြည့်ပါ။ သူများအပြစ်ကို မကြည့်ပါနဲ့လို့ ဆိုလိုတယ်။

**ပရဝဇ္ဇ** ဆိုတာ သူတစ်ပါးရဲ့ အပြစ်ကို၊ **အနုပဿီဿ** အမြဲမပြတ် စောင့်ကြည့်နေတဲ့ ပုဂ္ဂိုလ်၊ သူများကို အပြစ်တင်ချင်နေတဲ့ပုဂ္ဂိုလ်၊ သူများအပြစ်ကို ရှာနေတဲ့ပုဂ္ဂိုလ်၊ အဲဒီလို အပြစ်ရှာနေတဲ့ ပုဂ္ဂိုလ်မှာ ဘာဖြစ်တတ်သလဲ။ '**အာသဝါ တဿ ဝဍ္ဎန္တိ**' အဲဒီ ပုဂ္ဂိုလ်မှာ မကောင်းတဲ့အကုသိုလ်တွေ၊ အာသဝတရားတွေ မပြတ်စီးဝင်လာတယ်။

အဘိဓမ္မာမှာ **လောဘ၊ ဒိဋ္ဌိ၊ မောဟ** ဒီသုံးခုကို **အာသဝ**လို့ ခေါ်ပေမယ်လို့ အာသဝဆိုတာ မိမိရဲ့ သန္တာန်မှာ မပြတ်စီးဝင်နေတဲ့ သို့မဟုတ် သံသရာမှာ ကြာရှည်လှတဲ့ စိတ်အစဉ်မှာ ဖြစ်ပေါ်နေတဲ့၊ ဖြစ်ပေါ်လာတတ်တဲ့ တရားဆိုးတွေလို့ဆိုတယ်။ အဲဒီတရားဆိုး

http://www.dhammadownload.com



တွေ တိုးလာလိမ့်မယ်။ သူများအပြစ်မြင်ရင် အာသဝ ဆိုတဲ့ ကိလေသာတရားဆိုးတွေ ကိုယ့်ရင်ထဲမှာ တိုးလာ လိမ့်မယ်။ အပြစ်တွေ ကိုယ့်မှာတိုးလာတာ၊ "ကိုယ်မြင် တာက သူများအပြစ်၊ ဖြစ်တာက ကိုယ့်မှာ အကုသိုလ်" နော်။ ဒီလိုဖြစ်တတ်တယ်ဆိုတာကို သတိထားဖို့ လိုအပ် တယ်။

**'နိစ္စံ ဥဇ္ဈာန သညိနော'** တဲ့၊ အမြဲတမ်း လူတစ်ယောက်ကို ကဲ့ရဲ့ရှုတ်ချနေတဲ့ ပုဂ္ဂိုလ်၊ သူများ အပြစ်ကို မြင်တယ်၊ ကဲ့ရဲ့ရှုတ်ချတယ်။ အပြစ်မြင်ခြင်းနဲ့ ကဲ့ရဲ့ရှုတ်ချခြင်းဆိုတာ တွဲဖက်ပြီးလာတာ။ ဒါကြောင့်မို့ အပြစ်မြင်တာရယ်၊ ကဲ့ရဲ့ရှုတ်ချတာရယ် အဲဒီနှစ်ခု လုပ်နေပြီဆိုလို့ရှိရင် လုပ်တဲ့ပုဂ္ဂိုလ်မှာ **'အာသဝါ တဿ ဝဍ္ဎန္တိ'** - အာသဝတရားတွေ တိုးတက်များပြားလာ နိုင်တယ်။

တနည်းအားဖြင့် အာသဝဆိုတာ ဘေးရန်ကို လည်းခေါ်တယ်။ ဘေးရန်တွေ တိုးတက်များပြားလာ နိုင်တယ်။ **'အာရာ သော အာသဝက္ခယာ'**၊ အဲဒီပုဂ္ဂိုလ်

http://www.dhammadownload.com



မျိုးဟာ **အာသဝက္ခယ** လို့ဆိုတဲ့ ဘေးရန်ကင်းတဲ့ သို့မဟုတ် ကိလေသာတွေ ကုန်ငြိမ်းသွားတဲ့ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ အဆင့်မြင့်တဲ့တရားတွေမှ ဝေးတယ်လို့ ဒီလိုပြောတာ၊ နိဗ္ဗာန်နဲ့ ဝေးနိုင်တယ်။

ဒါကြောင့် သူများအပြစ်ကို ရှုမြင်တတ်တဲ့ အကျင့်၊ သူများကို အပြစ်တင်တတ်တဲ့အကျင့်၊ ကဲ့ရဲ့ရှုတ်ချတတ်တဲ့အကျင့်မျိုးကို ကိုယ့်သန္တာန်မှာ မမွေးမြူသင့်ဘူး။ အပြစ်မတင်ထိုက်တဲ့ ပုဂ္ဂိုလ်ကို အပြစ်တင်တယ်၊ မရှုတ်ချထိုက်တဲ့ပုဂ္ဂိုလ်ကို ရှုတ်ချတယ်ဆိုလို့ရှိရင် တော်တော်ကြီးမားတဲ့ အပြစ်တွေကို ခံရတယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က "နှုတ်နဲ့ မကောင်းမှုအကုသိုလ်ကို ဆည်းပူးခြင်း"လို့ မိန့်တယ်။

မြတ်စွာဘုရား လက်ထက်တုန်းက **ကောကာလိက**ဆိုတဲ့ရဟန်းဟာ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကို အပြစ်တင်တယ်၊ ကဲ့ရဲ့ရှုတ်ချတယ်။ အပြစ်မြင်ပြီး ကဲ့ရဲ့ ရှုတ်ချရုံတင် မကဘူး၊ မြတ်စွာဘုရားကို လာလျှောက်တယ်။ "သာရိပုတ္တရာတို့၊ မောဂ္ဂလာန်တို့ဆိုတာ

http://www.dhammadownload.com



လူယုတ်တွေ”လို့။ ပါပိစ္ဆ–အောက်တန်းကျတဲ့ စိတ်ဓာတ်တွေ ရှိတယ်လို့ ဘုရားကို လာတိုင်တောတာ။

အဲဒီမှာ မြတ်စွာဘုရားက သူ့ကို သနားလို့ “မပြောနဲ့၊ မပြောနဲ့။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ အပေါ်မှာ စိတ်ကို ကြည်အောင်ထား၊ သူတို့အပေါ် မပြစ်မှားနဲ့”လို့ ဆုံးမတော်မူတယ်၊ မရဘူး။ ဇွတ်ပြောတယ်။ မြတ်စွာဘုရားစကား နားမထောင်ဘူး၊ ဟိုပုဂ္ဂိုလ်ကြီးတွေက အင်မတန်မှ သန့်ရှင်းစင်ကြယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ။ အပြစ်ဆိုတာ ကြံဖန်တင်လို့ ရတယ်။ အဲဒီတော့ ကြံဖန်ပြီးတော့ သူ အပြစ်ပြောတာဟာ အင်မတန်မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေကို ပြောမိတဲ့အခါ ဘာနဲ့ဥပမာတူတုန်းဆိုရင် ကျောက်တုံးကြီးကို ခေါင်းနဲ့ဆောင့်သလိုပဲ၊ ကိုယ်ပဲခံရတာ။

အဲဒီ ကောကာလိကရဟန်းဟာ မြတ်စွာဘုရားစကား နားမထောင်ဘဲ ဘုရားရှေ့ကလည်း ထသွားပြီး ဇေတဝန်ကျောင်းပေါက် ရောက်တဲ့အခါမှာ တစ်ကိုယ်လုံး အဖုအပိန့်တွေ ထလာပြီး အဲဒီနားမှာပဲ လဲတယ်။

http://www.dhammadownload.com



တစ်ကိုယ်လုံး အဖုတွေ အပိန့်တွေ ထတယ်။ အခုခေတ် ဆရာဝန်တွေနဲ့ တွေ့ရင်တော့ အဲဒါ allergic ဖြစ်တာလို့ ပြောကောင်း ပြောလိမ့်မယ်။ အဖုအပိန့်တွေ ထတာ တဖြည်းဖြည်း ကြီးကြီး ကြီးကြီးလာပြီး နောက်ဆုံးမှာ ကြီးမားတဲ့ အနာကြီးတွေဖြစ်ပြီး သေပွဲဝင်သွားရတယ်။ သေတဲ့အခါမှာ သက်တမ်းကြာရှည်လှတဲ့ **ပဒုမငရဲ** မှာ ငရဲခံရတယ်။

ဒါ ကြည့်နော်၊ အပြစ်မတင်ထိုက်တဲ့ပုဂ္ဂိုလ်ကို အပြစ်တင်တယ်၊ Blame လုပ်တယ်၊ မရှုတ်ချထိုက်တဲ့ ပုဂ္ဂိုလ်ကို ရှုတ်ချတယ်။ အဲဒီ အကုသိုလ်ဟာ ပုဂ္ဂိုလ် အလိုက် အလွန်ကြီးမားတယ်။ ဒါကြောင့်မို့ မြတ်စွာ ဘုရားက ဆုံးမတာ။ အဲဒီ အဆုံးအမတွေကို ဘုန်းကြီး တို့တတွေ မှတ်သားနာယူထားဖို့ လိုအပ်တယ်။ ဒါဟာ ကိုယ့်ရဲ့ နေ့စဉ်ဘဝမှာ လွယ်လွယ်နဲ့ လုပ်မိတတ်လို့ ပြောတာ။

http://www.dhammadownload.com



'ပရဝဇ္ဇာနုပဿိဿ၊
နိစ္စံ ဥဇ္ဈာန သညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊
အာရာ သော အာသဝက္ခယာ'

"သူများကို အပြစ်တင်တတ်တဲ့ပုဂ္ဂိုလ်၊ ကဲ့ရဲ့ ရှုတ်ချတတ်တဲ့ ပုဂ္ဂိုလ်ဟာ အာသဝတရားတွေကို ဖြစ်ပွားပြီးတော့ အာသဝတရားချုပ်ငြိမ်းရာ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ ထူးမြတ်တဲ့တရားဓမ္မတွေမှ ကင်းဝေးလိမ့်မယ်"လို့ မြတ်စွာဘုရားက သတိပေးထားတယ် နော်။ ဒါကြောင့်မို့လို့ အကျိုးမရှိတဲ့အလုပ်မလုပ်မိအောင် အကျိုးမရှိရုံတင် မကဘူး၊ အပြစ်ကြီးတဲ့ အလုပ်မျိုး မလုပ်မိအောင် သတိထားကြရမယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဆိုတာ အပြင်ပန်းက ကြည့်လို့မရဘူး။ အပြင်ပန်းက ကြည့်ပြီး ကဲ့ရဲ့ အပြစ်တင်မိလို့ရှိရင် ထိုပုဂ္ဂိုလ်ရဲ့ အတွင်းမှာရှိတဲ့ အရည်အချင်းကြောင့် မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်နေရင် ကဲ့ရဲ့သူ

http://www.dhammadownload.com



ဒုက္ခရောက်သွားနိုင်တယ်ပေါ့။ ဒါကြောင့်မို့လို့ ဘယ်သူ့ကိုမှ အပြစ်တင်ဖို့ မကြိုးစားလေနဲ့၊ ဘယ်သူ့ကိုမှ ရှုတ်ချဖို့ မကြိုးစားလေနဲ့၊ ဒီလိုဆိုတာပေါ့နော်။

မြတ်စွာဘုရားက ဆုံးမတယ်-

**'န ပရေသံ ဝိလောမာနိ၊**
**န ပရေသံ ကတာကတံ'**

အရပ်ထဲမှာ နေကြတယ်၊ မိသားစုဘဝမှာ နေကြတယ်၊ ဆွေတွေမျိုးတွေနဲ့ နေကြတယ်၊ အပေါင်းအသင်းတွေနဲ့ နေကြတယ်၊ အဲဒီလို နေတဲ့အခါမှာတဲ့ "သူတစ်ပါးရဲ့ မတော်မလျော်တဲ့ အပြောအဆို လုပ်ရပ်တွေကို ကြည့်မနေနဲ့။" ဘယ်သူကဖြင့် ဘာလုပ်တာပဲ၊ ဘယ်သူကဖြင့် ဘာပြောတာ၊ မသင့်တော်တဲ့ အလုပ်၊ သူများလုပ်တာတွေကို ကြည့်မနေနဲ့နော်။ သွားပြီးတော့ ဝေဖန်မနေနဲ့လို့ ဆိုတာပေါ့နော်။

http://www.dhammadownload.com



**ဝိလောမ** ဆိုတာ မတော်မလျော်တဲ့ အပြော၊ မတော်မလျော်တဲ့ လုပ်ရပ်၊ သူတပါးတွေရဲ့ မတော်မလျော်တဲ့ အပြော၊ မတော်မလျော်တဲ့ လုပ်ရပ်တွေကို ကြည့်မနေနဲ့။ "**န ပရေသံ ကတာကတံ**- သူတို့ လုပ်တယ်၊ မလုပ်ဘူးဆိုတာတွေကို သွားပြီးတော့ သူများရဲ့ လုပ်မလုပ် ဆိုတာကို ကြည့်မနေနဲ့။"

"**အတ္တနောဝ အဝေက္ခေယျ**' ကိုယ့်ဟာကိုယ်ပဲ ပြန်ကြည့်"တဲ့။ ငါမဟုတ်တာ လုပ်မိသလား၊ ငါလုပ်တဲ့ အလုပ်ရော ဘယ်လောက်မှန်သလဲ၊ ငါဟာ သူများ အပြစ်တွေကို ပြောမိသလား၊ ငါ့မှာရော ဒီအပြစ်တွေ ရှိသလား ဆိုတာမျိုးတွေကို ကိုယ့်ကိုကိုယ်ပဲ ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်ပါလို့ မြတ်စွာဘုရားက ဟောတာနော်။

'**ကတာနိ အကတာနိစ**' ကိုယ်လုပ်တယ်၊ ကိုယ်မလုပ်ဘူးဆိုတာ ကိုယ်အသိဆုံးဖြစ်လို့ ကိုယ်လုပ်တာ မလုပ်တာကိုသာလျှင် နေ့စဉ်နှင့်အမျှ စစ်ဆေးသင့်တယ်။ သူများရဲ့ လုပ်မလုပ်ဆိုတာကို သွားပြီး မကြည့်ပါနဲ့လို့ ဒီလိုပြောတာ။

http://www.dhammadownload.com



များသောအားဖြင့် လူတွေရဲ့ အကျင့်ဟာ ကိုယ့်ကိုယ်ကို ပြစ်တင်တယ်၊ ဝေဖန်တယ် သိပ်မရှိဘူး။ ကိုယ့်ပတ်ဝန်းကျင်က အခြားလူတွေကိုသာ အပြစ်တင်တာ၊ ဝေဖန်တာ လုပ်တတ်ကြတယ်။ တကယ်ပဲ အဲဒီလိုပဲ အပြစ်တင်နေကြတာ များတယ်။ တချို့များဆို ကိုယ်လည်း အဲဒီလိုပဲ လုပ်တယ်၊ သို့သော် သူများလုပ်ရင် အပြစ်အနေနဲ့ မြင်တယ်။

ဆိုပါစို့၊ ပန်းကန်လေးတစ်လုံး လွတ်ကျတယ်။ ကလေးတစ်ယောက်လွတ်ကျရင် "**နမော်နမဲ့ နိုင်လိုက်တာ**" လို့ အပြစ်တင်မှာပဲ၊ ဟုတ်လား။ ကိုယ့်ကြောင့် လွတ်ကျတဲ့အခါကျတော့ ဘာပြောတုန်း "မတော်လို့ တဲ့။" ကိုယ့်ကျတော့ မတော်လို့ဆိုတာနဲ့ ခွင့်လွှတ်တယ်။ သူများလွတ်ကျတဲ့အခါကျတော့ နမော်နမဲ့နိုင်တယ်လို့ ဆိုပြီး အပြစ်တင်လို့ မပြီးဘူး။ တစ်စုံတစ်ခု သူများကြောင့်များ မှားသွားရင် ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်နဲ့ ပြောလို့မပြီးဘူး။ ကိုယ့်ကြောင့် မှားသွားတဲ့

http://www.dhammadownload.com



အခါကျတော့ မသိလို့ လုပ်မိတာဆိုတဲ့ ဆင်ခြေတွေနဲ့ လိုက်ဖုံးတယ်၊ ဒါ လူ့သဘာဝကို ပြောပြတာပါ။

လူ့သဘာဝကို မလိုက်နဲ့၊ ကိုယ့်ကိုကိုယ် ပြင်ပေးဖို့လိုတယ်။ ကိုယ်လုပ်တဲ့ အလုပ်ဟာ ဟုတ်မဟုတ် ကိုယ့်ဟာကိုယ် ဆန်းစစ်ကြည့်၊ ဒီလို ဆိုလိုတယ်ပေါ့နော်။ မစဉ်းစား မဆင်ခြင်ဘဲ သူတပါးကို အပြစ်တင်လိုက်မယ်၊ ဆိုပါစို့ အမေကို အပြစ်တင်မိမယ်၊ အဖေကို အပြစ်တင်မိမယ်၊ ဆရာသမားတွေကို အပြစ်တင်မိမယ် ဆိုရင် အပြစ်တင်လိုက်တာနဲ့ တစ်ပြိုင်နက် သူတို့အပေါ် တင်တဲ့အပြစ်က ကိုယ့်အပေါ် ရောက်လာလိမ့်မယ်။

**ကောကာလိက** ဆိုတဲ့ ရဟန်းဟာ ရှင်သာရိပုတ္တရာတို့ကို အပြစ်တင်ဖို့ အခြေအနေတစ်ခုက ဘယ်လိုဖြစ်တာတုန်းဆိုရင် တပည့်ငါးရာနဲ့အတူ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့က **ကောကာလိက** သီတင်းသုံးတဲ့ရွာကြွသွားကြတယ်။ ကြွသွားတဲ့အခါ **ကောကာလိက**က မျက်နှာလုပ်ချင်တာ၊ ဒါ လူ့သဘာဝပဲနော်။ (၂၅၀၀) က လူပဲဖြစ်ဖြစ်၊ ကနေ့ခေတ်ရဲ့ လူပဲဖြစ်ဖြစ်

http://www.dhammadownload.com



လူဟာလူပဲ။ လူလိုတွေးတာပဲ။ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ဆိုတာ ထိပ်တန်းတပည့်ကြီးတွေ၊ မြတ်စွာဘုရားပြီးရင် အင်မတန်မှ ဂုဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ပေ့ါနော်။

အဲဒီတော့ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ ရောက်လာတဲ့အခါမှာ သူက ကျောင်းဘုန်းကြီး ဆိုတော့ ဂုဏ်လုပ်ချင်တာပေ့ါ။ ဂုဏ်လုပ်ချင်တော့ ဘာလုပ်တုန်း၊ ရပ်ရွာထဲသွားပြီး "မြတ်စွာဘုရားရဲ့ အဂ္ဂသာဝက ထိပ်တန်းပုဂ္ဂိုလ်ကြီးတွေ ရောက်နေတယ်၊ ဘာလုပ်နေကြတာတုန်း။ လှူကြဖို့ တန်းကြဖို့ လုပ်ကြပါလား" သွားပြီး ဆော်ဩတယ်နော်။ လိုက်ပြီးတော့ အလှူခံတယ်။

လူတွေက "တပည့်တော်တို့ မသိလို့ပါဘုရား" ဆိုပြီး အလှူအတန်းလုပ်ဖို့ စီမံခန့်ခွဲကြတယ်။ ရှင်သာရိ-ပုတ္တရာတို့ကို ဆွမ်းကပ်ကြတယ်ပေ့ါ။ လှူကြ တန်းကြတယ်။ ရဟန်းဆိုတာမျိုးက ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီးတော့ နှုတ်မြွက်ပြီး မပြောကောင်းဘူး။ ဖိတ်ထားတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်ကိုသာ ပြောရတယ်။ "အရှင်ဘုရား၊ ပစ္စည်းလေး ပါး လိုချင်တာရှိရင် ပြောပါ"လို့ဆိုမှ အဲဒီပုဂ္ဂိုလ်မျိုးကို တောင်းကောင်းတယ်။ သို့မဟုတ် ကိုယ့်အမေ၊ ကိုယ့် အဖေ၊ ဆွေမျိုးသားချင်းဆိုရင် တောင်းလို့ရတယ်။ ကျန်တဲ့ ဒကာ၊ ဒကာမကို အဲဒီလိုပြောခွင့်မရှိဘူး၊ မပြော ရဘူးနော်။ ဒါက ဝိနည်းသိက္ခာပုဒ်။ **'ဝိညတ္တိ ပယုတ္တ–ဝါစာ'** နှုတ်မြွက်တောင်းခြင်း ရည်ညွှန်းပြောဆိုခြင်း မလုပ်ရဘူး။

**ကောကာလိက** ရဟန်းက ဒီစည်းကမ်းကို ဖောက်ဖျက်ပြီး "ရှင်သာရိပုတ္တရာတို့ လာနေတယ်။ လှူကြပါလား၊ တန်းကြပါလား၊ လုပ်ကြပါလား၊ စီမံကြပါ လား" ဆိုပြီး သွားစီမံတာ။ စီမံတော့ ဒကာ၊ ဒကာမတွေ ကလည်း သဒ္ဓါတရားရှိတော့ လုပ်ကြတာပေါ့။

ရှင်သာရိပုတ္တရာက အဲဒီအကြောင်းကို သိသွား တယ်။ ဒီအကြောင်းကို သိတဲ့အခါ ရဟန္တာပုဂ္ဂိုလ်ကြီး တွေဟာ အင်မတန်မှ စင်စင်ကြယ်ကြယ် နေကြတာ လေ၊ ပစ္စည်းနဲ့ပတ်သက်လို့။ သဒ္ဓါနဲ့လုပ်တာ မဟုတ်ဘူး၊

http://www.dhammadownload.com



တစ်ယောက်ယောက်က နှိုးဆော်လို့ လုပ်တာဖြစ်တယ် ဆိုတာ သိတဲ့အခါ သူတို့ လာလှူတဲ့ဆွမ်းတွေ တစ်ခုမှ အလှူမခံဘူး။ အားလုံး တပည့်သံဃာတွေနဲ့ မြို့ထဲ၊ ရွာထဲ ဆွမ်းခံကြွသွားကြတယ်။ ဘာဖြစ်လို့ အလှူမခံ တာတုန်းဆိုရင် ဝိနည်းသိက္ခာပုဒ်နဲ့ ဆန့်ကျင်ပြီး မသန့် ရှင်းလို့။

တခါတုန်းက ရှင်သာရိပုတ္တရာ ဗိုက်နာတယ်။ လေနာရောဂါဖြစ်တော့ သူတို့နှစ်ပါး ညီတော်နောင် တော် ရှင်မောဂ္ဂလာန်နဲ့ အတူနေရင်းကနေ ဗိုက်တွေနာ တယ်။ အရင်တုန်းက ဘာနဲ့ ပျောက်ဖူးတုန်းဆိုတော့ "ငယ်ငယ်တုန်းက အိမ်မှာ မယ်တော်ကြီးက ရေမပါတဲ့ နို့နဲ့ ဆန်လေးနဲ့ပြုတ်ပြီး နို့ဃနာ ကပ်ဘူးတယ်။ အဲဒါ လေးကို သောက်လိုက်တော့ ပျောက်ဘူးတယ်။" နှစ်ပါး ထဲ ပြောတဲ့စကားနော်။

ရှင်မောဂ္ဂလာန်က "တပည့်တော် မနက်ကျ ဆွမ်းခံသွားမယ်။ ကိုယ်တော့် ဘုန်းကံရှိရင် ရမှာပေါ့"လို့ ဒီလောက်ပဲ ပြောတယ်။ မနက်ကျတော့ တကယ်ရလာ

http://www.dhammadownload.com



တယ်။ ရလာတော့ ရှင်မောဂ္ဂလာန်က ဝမ်းသာတာပေါ့။ ရှင်သာရိပုတ္တရာအတွက်ဆိုပြီး ယူလာတယ်။ "ကဲ ဟောဒါ ကိုယ်တော့်လေနာနဲ့ တည့်တဲ့ဆေး" ဆိုပြီး ပေးတယ်။

ရှင်သာရိပုတ္တရာက ဘယ်လိုလုပ် ရလာတာလဲ ဆိုပြီး ကြည့်လိုက်တဲ့အခါမှာ သူတို့နှစ်ပါး ညက တိုးတိုး ပြောတာကို စင်္ကြံလမ်းရှိ ရုက္ခစိုးနတ်က ကြားသွား တယ်။ ကြားတဲ့အခါ အလှူဒကာ၊ ဒကာမအိမ် ဝင်ပူးပြီး ပြောထားတာ။ အဲဒါနဲ့ ဟိုက စီမံထားတာလေ။ အဲဒီတော့ သူတို့ပြောတဲ့စကား ကြားပြီးတော့ ဟိုက သွားလုပ်တာဆိုတော့ သဒ္ဓါတရားနဲ့ လှူတဲ့ဟာ မဟုတ် တော့ဘူး။ အဲဒါကို ရှင်သာရိပုတ္တရာကမြင်တယ်။ ဩော် ငါတို့ညကပြောတာ ကြားပြီး နတ်ကသွားပြီး လုပ်ခိုင်း တာပါလား။ ရှင်မောဂ္ဂလာန်ကို ပြောလိုက်တယ်။ "ငါ့ရှင် မောဂ္ဂလာန်၊ ဒီပစ္စည်းက မစင်ကြယ်ဘူး"တဲ့။

မစင်ကြယ်ဘူးဆိုတာ ဝိနည်းသိက္ခာပုဒ်အရ ဒါ မစားထိုက်ဘူးလို့ ပြောလိုက်တာပဲ။ ရှင်မောဂ္ဂလာန်က

http://www.dhammadownload.com



လည်း စိတ်ခပ်ထက်ထက် ပုဂ္ဂိုလ်ဆိုတော့ ရှင်သာရိပုတ္တရာ မစင်ကြယ်ဘူးလို့လည်း ပြောလိုက်ရော ချက်ခြင်း အဲဒီသပိတ်ကို မှောက်သွန်ပစ်လိုက်တာနော်။ သွန်ပစ်လိုက်တဲ့အချိန်မှာ မြေကြီးပေါ်လည်း နို့ဃနာတွေ ကျသွားရော ရှင်သာရိပုတ္တရာရဲ့ လေနာရောဂါလည်း ပျောက်သွားရော။

ရှင်သာရိပုတ္တရာက ပြောတယ်။ "ငါ့ရှင်မောဂ္ဂလာန်၊ တစ်စုံတစ်ယောက်က တိုက်တွန်းလို့ ရလာတဲ့ပစ္စည်း စားမဲ့အစား အူတွေပြတ်ပြီးသေသွားတာက ကောင်းသေးတယ်။ ဝိနည်းသိက္ခာပုဒ်အရ အပြစ်ရှိလို့ မစင်ကြယ်တဲ့ အစားအစာမျိုးကို မစားတာ ကောင်းတယ်" လို့ ရှင်မောဂ္ဂလာန်ကို ပြောလိုက်တယ်။

အဲဒီတော့ ရှင်သာရိပုတ္တရာဟာ အင်မတန်မှ ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ သန့်ရှင်းတာကြိုက်တယ်။ ဒါကြောင့်မို့ ကောကာလိကရဟန်းက လှူ့ဆော်ထားတဲ့ ဆွမ်းတွေ၊ ဟင်းတွေကို လက်မခံဘူး။ ဆွမ်းခံသွားတယ်။ ဆွမ်းခံသွားတဲ့အခါ ကောကာလိကက စိတ်ဆိုးတာပေါ့။

http://www.dhammadownload.com



စိတ်ဆိုးပေမယ့် ဘာမှတော့ မပြောရဲဘူး။ မှတ်ထားတယ်။

နောက်တစ်ခေါက် ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ ကြွလာကြပြန်တယ်။ ဒကာ၊ ဒကာမတွေကသူ့သဒ္ဓါတရားနဲ့သူ သင်္ကန်းတွေ ရှင်သာရိပုတ္တရာကို လှူကြတယ်။ ရှင်သာရိပုတ္တရာက နောက်ပါတပည့်တွေအတွက် အဲဒီ ပစ္စည်းတွေကို သိမ်းခိုင်းထားပြီး ဇေတဝန်ကျောင်းကိုပို့လိုက်ဖို့ ပြောတယ်။

အဲဒီတော့ ကောကာလိကက ဘာတွေးတုန်းဆိုရင် အရင်တုန်းကတော့ မစင်ကြယ်ဘူးလို့ပြောတယ်။ အခုကျတော့ ပစ္စည်းတွေ အကုန်လုံးကို ဇေတဝန်ကျောင်းကို ပို့ခိုင်းတယ်။ လောဘကြီးလိုက်တာ။ ရှင်သာရိပုတ္တက တပည့်သံဃာတွေ ဝေပေးဖို့ဆိုပြီးတော့ သင်္ကန်းတွေကို ဇေတဝန်ကျောင်းကို ပို့ခိုင်းတာနော်။

လောကမှာ အပြစ်တင်တယ်ဆိုတာ သိပ်လွယ်တဲ့အကြောင်း ပြောပြတာနော်။ သူ့အတွေးက ဘယ်လိုတုန်းဆိုရင် အရင်တစ်ခါတုန်းက ငါစီမံတာကျတော့

http://www.dhammadownload.com



လက်မခံဘူး။ ခု ဒီသက်နိုးတွေကျတော့ ရှိသမျှတွေ အကုန်သယ်သွားတယ်။ လောဘကြီးလိုက်တာ လောဘကြီးလိုက်တာ။

အဲဒီလို အပြစ်ပြောရုံတင် မကဘူး၊ မြတ်စွာဘုရားကို သွားလျှောက်တာ။ **'ပါပိစ္ဆာ သာရိပုတ္တ-မောဂ္ဂလာနာ'** သာရိပုတ္တ မောဂ္ဂလာန်တို့ဟာ အောက်တန်းကျတယ်၊ ယုတ်မာတဲ့ အလိုဆန္ဒတွေ ရှိကြတယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကို ပြစ်မှားတာ။ မကဲ့ရဲ့ထိုက်တဲ့ ပုဂ္ဂိုလ်ကို သွားကဲ့ရဲ့တာ။ တကယ်တော့ သူ့အမြင်ကသာ ရှင်သာရိပုတ္တရာတို့ကို အပြစ်လို့ မြင်တာ။ ရှင်သာရိပုတ္တရာက ဘာတစ်ခုမှ အပြစ်မလုပ်ဘူး၊ အလွန်သန့်ရှင်းစင်ကြယ်တဲ့ ပုဂ္ဂိုလ်။ ဒါပေမယ့် သူ့မျက်စိထဲမှာတော့ အပြစ်လို့ မြင်နေတယ်။ ဒါမျိုးဟာ အလွန်ကြောက်စရာ ကောင်းတယ်။ ဒါကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့ ဗုဒ္ဓမြတ်စွာဟောကြားတဲ့အဆုံးအမကို လိုက်နာဖို့ လိုတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားက **'န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ'** သုတ်ပါးတွေရဲ့ မသင့်မလျော်တဲ့ အလုပ်ကို မကြည့်နဲ့တဲ့။ **န ပရေသံ ကတာကတံ–** လုပ်တယ်၊ မလုပ်ဘူး ဆိုတာတွေကို သွားမကြည့်နဲ့၊ အပြစ်မတင်နဲ့။ **'အတ္တနောဝ အဝေက္ခေယျ ကတာနိ အကတာနိစ'** ကိုယ့်ဟာကို သာကြည့်ပါ။ ကိုယ့်ကိုယ်ကိုသာ ဆန်းစစ်ပါ။ ဝေဖန်ခြင်း ဝေဖန်ရင် ကိုယ့်ကိုယ်ကို ဝေဖန်တာဟာ အကောင်းဆုံး ပဲတဲ့။

လောကလူတွေဟာ ကိုယ့်ကိုယ်ကို ဝေဖန်ဖို့ အင်မတန် ခဲယဉ်းတယ်။ သူတပါး ဝေဖန်ဖို့၊ အပြစ်တင်ဖို့ အလွန်လွယ်တယ်။ အလွန်လွယ်တာကို လုပ်သည့်အတွက်ကြောင့် အပြစ်တင်မှုကို အကြောင်းပြုပြီး ဆင်းရဲဒုက္ခရောက်သွားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲ ရှိတယ်ပေါ့။ အေး–ဒါကြောင့် ဒါကိုသတိထားဖို့ လိုအပ်တဲ့အကြောင်း ဒီနေ့ **"အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း"** ဆိုတဲ့ ခေါင်းစီးနဲ့ ဟောတာဖြစ်တယ်။

http://www.dhammadownload.com



အပြစ်တင်တာတို့၊ ကဲ့ရဲ့တာတို့ ဆိုတာဟာ လူတိုင်းလွတ်နိုင်တာ မဟုတ်ဘူး။ အပြစ်မရှိတဲ့ ပုဂ္ဂိုလ်ကို လည်းပဲ အပြစ်တင်တတ်တယ်၊ ကဲ့ရဲ့တတ်တယ်။ လူတွေဟာ အပြစ်တင်တယ်၊ ကဲ့ရဲ့တယ်ဆိုတာ သူတို့ရဲ့ စိတ်အထင်အမြင် စိတ်ရဲ့ဘဝင်မကျမှုကြောင့် ပြစ်တင်ကဲ့ရဲ့ခြင်းသာ ဖြစ်တယ်။ တကယ် ကဲ့ရဲ့ထိုက်လို့ ကဲ့ရဲ့တာကျတော့ မကောင်းဘူးလို့ မဆိုသာဘူးပေါ့နော်။

အေး- မြတ်စွာဘုရားလို ပုဂ္ဂိုလ်မျိုးကိုတောင်မှပဲ ကဲ့ရဲ့ရှုတ်ချတဲ့ နတ်တွေ ပေါ်လာဘူးတယ်တဲ့။ ဒီအကြောင်းကို **သံယုတ္တနိကာယ် ဥဇ္ဈာနသညီ သုတ္တန်**မှာ မှတ်တမ်းတင်ထားတယ်။ ဘုရားလို ပုဂ္ဂိုလ်မျိုးတောင်မှပဲ လာရောက် ရှုတ်ချကဲ့ရဲ့ကြတာ ရှိတယ်။ လောကလူသားတွေရဲ့ သဘာဝအတိုင်းပဲနော်။ သူများကို အပြစ်တင်ဖို့ အလွန်လွယ်တယ်တဲ့။ ဒါကြောင့်မို့ လွယ်လွယ်ကူကူနဲ့ အပြစ်မတင်ပါနဲ့။ လွယ်လွယ်ကူကူနဲ့ သူများကို မကဲ့ရဲ့ပါနဲ့။ ကိုယ့်ကိုယ်ကိုပဲ ကြည့်ပါ။

http://www.dhammadownload.com



## ဥဠ္ဍာနသညီသုတ်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတယ်။ ဘုရားဆိုတာ သတ္တဝါတွေရဲ့အကျိုးကို အမြဲတမ်းဆောင်ရွက်ပြီး နေတဲ့ပုဂ္ဂိုလ်၊ ကိုယ်ကျိုးအတွက် ဘာတစ်ခုမှ လုပ်စရာ မရှိတော့ဘူး။ အများအကျိုးအတွက် ကရုဏာနဲ့ ပညာ ဒီနှစ်ခုပေါင်းစပ်ပြီး လုပ်တော်မူတယ်။ အများသတ္တဝါတွေကို ဒုက္ခက လွတ်စေချင်တာ **ကရုဏာ**၊ ထိုလွတ်စေချင်တဲ့အတိုင်း လွတ်ရန်နည်းလမ်း အစစ်အမှန်ကို သိတာက **ပညာ**။ အဲဒီ **ကရုဏာ၊ ပညာ**နှစ်ခုပေါင်းစပ်ပြီးတော့ သတ္တဝါတွေရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နေတဲ့အချိန်၊ နေ့အခါမှာဆိုလို့ရှိရင် လူသားတွေ၊ ဒကာ၊ ဒကာမတွေ၊ ရဟန်းသံဃာတွေကို ဩဝါဒပေး တရားဆုံးမ ဟောပြောပေးရတယ်။ အေး-အားလုံး ရဟန်းသံဃာတွေကို ဆုံးမလို့ ညဥ့်သန်းခေါင်နီးလာပြီ ဆိုလို့ရှိရင် ကိုယ့်ကျောင်းကိုယ် ပြန်ကြွတယ်။

http://www.dhammadownload.com



ဒကာ၊ ဒကာမတွေကတော့ နေမဝင်ခင်ကတည်းက အိမ်ပြန်ကြတယ်။

ဒီလိုအချိန်ဟာ မြတ်စွာဘုရား တစ်ပါးတည်း နေတဲ့ အချိန်လေးပေါ့။ လူသားတွေရဲ့ အကျိုးကို ဆောင်ရွက်ပြီးနောက် ညသန်းခေါင်ယံအချိန် ရောက်လာတဲ့အခါ ဘယ်သူတွေ ရောက်လာကြတုန်းဆိုရင် ကောင်းကင်ယံက နတ်၊ ဗြဟ္မာတွေ ရောက်လာကြတယ်။ ရောက်လာပြီး သူတို့ လျှောက်ချင်တာတွေ လျှောက်ကြတယ်၊ မေးချင်တာတွေ မေးကြတယ်။

ကြည့်လေ မင်္ဂလသုတ်မှာ (၃၈)ဖြာ မင်္ဂလာတရား ဟောဖို့ဆိုတာ '**အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ**' ဆိုတဲ့အတိုင်း ညဉ့်ဦးယံ လွန်မြောက်လို့ သန်းခေါင်ယံရောက်တဲ့အချိန်မှာ ဇေတဝန်ကျောင်းကြီး တစ်ခုလုံး အလင်းရောင်တွေ ဖြန့်ကြက်ပြီး နတ်သား တစ်ယောက် ရောက်လာပြီး မြတ်စွာဘုရားကို မေး လျှောက်တယ်။

http://www.dhammadownload.com



အဲဒီအတိုင်း နတ်တွေဟာ ရောက်ရောက်ပြီး လာကြတယ်။ တစ်နေ့မှာတော့ မြတ်စွာဘုရားဟာ တစ်ပါးတည်း သီတင်းသုံးနေတဲ့အချိန်မှာ ကောင်းကင်ယံက နတ်အုပ်စုတစ်စု ရောက်လာတယ်။ အဲဒီနတ်တွေက ဘုရားကို အရိုအသေတောင်မပေးဘူး။ ကောင်းကင်ယံမှာ မတ်တပ်ရပ်ပြီး မြတ်စွာဘုရားကို အပြစ်တင်စကား ပြောကြတာ။ မြတ်စွာဘုရားကို ကဲ့ရဲ့ရှုတ်ချကြတယ်။

သူတို့အမြင်မှာ ဘာတုန်းလို့ဆိုရင် "ဂေါတမ ရဟန်းဟာ ရဟန်းသံဃာတွေကိုတော့ ပံ့သကူသင်္ကန်း ဝတ်ရမယ်လို့ ပြောတယ်။ သစ်ပင်ရင်းတည်းဟူသော ကျောင်းမှာ နေရမယ်လို့ ပြောတယ်။ ဆွမ်းခံစားရမယ်လို့ပြောတယ်၊ နွားကျင်ငယ်ဆေးကို သုံးဆောင်ရမယ်လို့ပြောတယ်။ သူ့ကျတော့ မင်းစိုးရာဇာတွေ လှူတဲ့ သင်္ကန်း ဝတ်တယ်။ မင်းစိုးရာဇာတွေကကျွေးတဲ့ဆွမ်း ဘုဉ်းပေးတယ်။ သူဌေးသူကြွယ်တွေက ဆောက်ထားတဲ့ ကောင်းပေ့ဆိုတဲ့ ဂန္ဓကုဋီတိုက်ကျောင်းကြီးပေါ်မှာ

http://www.dhammadownload.com



နေတယ်နော်။ မွန်မြတ်လှတဲ့ ထောပတ်၊ ဆီဦး စတဲ့ ဆေးတွေကို အသုံးပြုတယ်" မြတ်စွာဘုရားအပေါ် သူတို့က ဒီလိုအပြစ်မြင်တာ။

အမှန်က လှူတာကလည်း အပြစ်မဟုတ်ဘူး။ လက်ခံတာလည်း အပြစ်မဟုတ်ဘူး။ မြတ်စွာဘုရားမှာ ဒကာ၊ ဒကာမတွေက ဒီ့ထက်တောင် လှူချင်တာလေ။ မြတ်စွာဘုရားရဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဂုဏ် အရည်အချင်းတွေကြောင့်၊ ကိုယ်တိုင်ဖြည့်ခဲ့တဲ့ ပါရမီ တွေရဲ့ အစွမ်းတန်ခိုးကြောင့် ကောင်းပေ့ ဆိုတာတွေ မြတ်စွာဘုရားကို လှူကြတယ်။ ကောင်းတာတွေ အသုံး ပြုတာဟာလည်း ပါရမီ ကုသိုလ်ကြောင့်ပဲ။

အခုခေတ်လူတွေလည်း ဒီလို ပြောတတ်တာပဲ နော်။ ဆရာသမားတွေကို တပည့်တွေက ပြောတတ်ကြ တယ်။ တစ်ခါတလေ မြင်တတ်ကြတယ်ပေါ့။ "သူ့ကျ တော့ အကောင်းတွေချည်း စားတယ်။ ငါတို့ကျတော့ ဘာညာ" ဒီလိုပေါ့နော်။ တကယ်တော့ ဘုန်းကံခြင်း မတူဘူးလေ။ မတူတာကို တူတယ်ထင်ပြီး လူတွေမှာ

http://www.dhammadownload.com



အဲဒါမျိုး ဖြစ်တတ်တယ်။ နတ်တွေက ဒါတွေကိုကြည့်ပြီး ဘုရားကို ကဲ့ရဲ့ ရှုတ်ချကြတာ၊ "အပြောနဲ့အလုပ်နဲ့ မညီဘူး"လို့ ကဲ့ရဲ့ကြတယ်။

မြတ်စွာဘုရားက ကျင့်လိုတဲ့ပုဂ္ဂိုလ်တွေ ကျင့်ဖို့ အတွက် ဟောကြားတာ။ ပံ့သကူသင်္ကန်း ဝတ်တယ် ဆိုတာ အဝတ်အစားပေါ်မှာ တပ်မက်တဲ့တဏှာကို ချိုးနှိမ်ဖို့အတွက် ဖြစ်တယ်။ လောဘရှိနေတဲ့ ပုဂ္ဂိုလ် အတွက် ဒါအကောင်းဆုံးပဲ။ ရောဂါပျောက်ဖို့အတွက် တစ်ခါတစ်လေ ဆေးခါးကြီးတိုက်ရတာ ရှိတယ်လေ။ အဲဒါလိုပဲ အဝတ်အစားပေါ်မှာ လောဘဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ မဖြစ်ရအောင်လို့ ပံ့သကူသင်္ကန်းဝတ်လို့ ပြောတာ။

ဆွမ်းခံစားဆိုတာလည်း ဟိုအိမ်က တစ်ဇွန်း၊ ဒီအိမ်ကတစ်ဇွန်းနဲ့ အကောင်း ဘယ်ဟုတ်မလဲ၊ ရတာ စားတာဟာ **သလ္လဟုကဝုတ္တိ** ပေါ့ပေါ့ပါးပါး အသက် မွေးပြီးတော့ တရားအားထုတ်ချိန်တွေ ပိုရလာတယ်။ မြတ်စွာဘုရားက ဒီ ကိလေသာကုန်ဖို့ ကြိုးစားနေတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေအတွက် အထောက်အကူဖြစ်တဲ့ အကျင့်ကို ဟောတာ။

ပုံသကူသက်န်း ဝတ်တာတို့ ဆွမ်းခံစားတာတို့ သစ်ပင်တည်းဟူသော ကျောင်းမှာနေတာတို့၊ သစ်ပင်ရင်းမှာ နေပြီဆိုရင် အိပ်ချင်တဲ့စိတ်တွေကို ထိန်းနိုင်တယ်။ ကျောင်းထဲမှာ နေမယ်ဆိုရင် တံခါးပိတ်ပြီး အိပ်ချင်အိပ်နေမယ်။ ဟော- သစ်ပင်ရင်းဆိုတော့ အဲဒီလို မအိပ်တော့ဘူး။ မအိပ်တော့ နိုးနိုးကြားကြားနဲ့ လုပ်ရမယ့် အလုပ်တွေ အောင်မြင်ပြီးစီးနိုင်တယ်။ ကိလေသာအာသဝတွေ ကုန်အောင် ဆုံးမတဲ့ အနေအထားအားဖြင့် မြတ်စွာဘုရားက အကျိုးရှိတဲ့ အလုပ်တွေကို လုပ်နိုင်ဖို့ နည်းလမ်းပေးတာဖြစ်တယ်။

မြတ်စွာဘုရားဟာ မွေးတော့လည်း သစ်ပင်အောက်မှာပဲ မွေးတာပဲ။ ဘုရားဖြစ်တော့လည်း သစ်ပင်အောက်မှာပဲ ဘုရားဖြစ်တာ။ ပရိနိဗ္ဗာန်စံတော့လည်း သစ်ပင်အောက်မှာပဲ စံတာလေ။ မြတ်စွာဘုရားဘဝနဲ့

http://www.dhammadownload.com



သစ်ပင်ဟာ ဆက်စပ်နေတာ။ ကိုယ်ကိုယ်တိုင်လည်း ကျင့်သုံးတာ။

နတ်တွေက မြတ်စွာဘုရား ဂန္ဓကုဋီတိုက်ထဲမှာ နေတာကို သွား အပြစ်တင်နေကြတယ်။ ဂန္ဓကုဋီတိုက်ထဲမှာ နေတာဟာ ဆောက်လုပ်လှူတဲ့ ပုဂ္ဂိုလ်တွေ ကုသိုလ်ရပါစေဆိုတဲ့ စိတ်နဲ့ နေတယ်ဆိုတာကို ဒီနတ်တွေက မသိကြဘူး၊ မသိလို့ အပြစ်တင်ကြတယ်။

အပြစ်တင်စကား၊ စော်ကားပြောဆိုတဲ့ စကားမျိုး ဘယ်လောက်အထိ ပြောတုန်းဆိုတော့-

'အညထာ သန္တမတ္တာနံ၊
အညထာ ယော ပဝေဒယေ။
နိကစ္စ ကိတဝဿေဝ၊
ဘုတ္တံ ထေယျေန တဿ တံ'

"ကိုယ်လုပ်နေတာက တစ်ခြားတဲ့နော်။ လုပ်တာနဲ့ ပြောတာနဲ့ မညီညွတ်ဘူးပေါ့။ ငှက်မုဆိုးဟာ

http://www.dhammadownload.com



လိမ်ညာပြီး ငှက်တွေကို ဖမ်းသလိုပဲ။ လောကကြီးကို လိမ်စားနေသူပဲ”လို့ မြတ်စွာဘုရားကို အပြစ်တင်ကြ တယ်။

**ကီတဝ**ဆိုတာ ငှက်မုဆိုး၊ ငှက်မုဆိုးဟာ ငှက် တွေ အထင်မှားအောင် ဘာလုပ်တုန်းဆိုရင် သစ်ကိုင်း တွေ ချိုးချိုးပြီး သူ့ကိုယ်သူ သစ်ကိုင်းတွေနဲ့ဖုံး၊ သစ်ပင် ခြုံပုတ်ကြီးလို လုပ်ထားတယ်ပေါ့။ သူ့ကိုယ်သူ သစ်ကိုင်း တွေနဲ့ ကြိုးတွေနဲ့ချည်ထားတာ။ ငှက်တွေက တကယ့် သစ်ပင်ခြုံပုတ်မှတ်ပြီး လာနားတဲ့ငှက်ကို သူကဖမ်းတာ။ အဲဒါကို “**ကီတဝ**” လို့ ခေါ်တယ်။

အဲဒီလို “ငှက်တွေကို ဖမ်းဖို့ရာအတွက် သစ်ပင် ယောင်ဆောင်တဲ့ မုဆိုးဟာ လိမ်ညာသလို ရဟန်း ဂေါတမဟာလည်းပဲ ကိုယ်ပြောတဲ့အတိုင်း မလုပ်ဘူး။ လိမ်ညာနေတယ်”လို့ အဲဒီနတ်တွေက ကောင်းကင်ယံ က လာပြီးတော့ ဘုရားကိုအပြစ်တင်တာ။

အပြစ်တင်ပြီး ဘာပြောသေးတုန်းဆိုရင်-

http://www.dhammadownload.com



**'ယံ ဟိ ကယိရာ တံ ဟိ ဝဒေ'**

ကိုယ်လုပ်တာကို ကိုယ်ပြောသင့်တယ်။

**'ယံ န ကယိရာ န တံ ဝဒေ'**

ကိုယ်မလုပ်ဘဲနဲ့ မပြောသင့်ဘူး။

**'အ ကရောန္တံ ဘာသမာနံ၊**

**ပရိဇာနန္တိ ပဏ္ဍိတာ'**

မလုပ်ဘဲပြောရင် လိမ္မာပါးနပ်တဲ့ ပုဂ္ဂိုလ်တွေက ဒီလူဟာ အပြောသမားပဲဆိုတာ သိတယ်။

မြတ်စွာဘုရားကို စောင်းချိတ်ပြီးတော့ ကောင်းကင်ယံကလာပြီး အပြစ်တင်တာနော်။ အဲဒီလို အပြစ်တင်တဲ့အခါကျတော့ မြတ်စွာဘုရားက ပြန်ပြီးတော့ ပြောတယ်။ ဘာပြန်အမိန့်ရှိတုန်းဆိုရင် -

**'န ယိဒံ ဘာသိတမတ္တေန၊**

**ဧကန္တသဝနေန ဝါ။**

**အနုက္ကမိတဝေ သက္ကာ၊**

**ယာယံ ပဋိပဒါ ဒဠှာ'။**

http://www.dhammadownload.com



လုပ်သင့်လုပ်ထိုက်တဲ့ အကျင့်၊ ခိုင်ခိုင်မာမာ ကျင့်ထားတဲ့အကျင့်၊ ကျင့်ရမယ့်အကျင့် အဲဒီအကျင့်မျိုး နဲ့မှ ဆင်းရဲဒုက္ခက လွတ်နိုင်မယ်နော်။ မာရ်မင်းရဲ့ အနှောင်အဖွဲ့တွေက လွတ်ပြီးတော့ ကိုယ့်ဘဝကိုယ် သေသေချာချာ အမှန်မြင်နိုင်တဲ့ အကျင့်မျိုး၊ အဲဒီ အကျင့်မျိုးဆိုတာ ပြောရုံနဲ့ဖြစ်တာ မဟုတ်ဘူး။ သူများ ဆီက နားထောင်ထားရုံနဲ့ ဖြစ်တာမဟုတ်ဘူး၊ ကိုယ်တိုင် လေ့ကျင့်မှ ဖြစ်တာ။

မြတ်စွာဘုရား ကိုယ်တိုင်က ဒီအကျင့်ကို ကျင့်ထားလို့ မာရ်မင်းရဲ့အနှောင်အဖွဲ့၊ ကိလေသာရဲ့ အနှောင်အဖွဲ့ကလွတ်ပြီး ဘုရားဖြစ်လာတာတဲ့။ ဘုရား ဖြစ်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အပြောသက်သက်နဲ့ ဖြစ်ပါ့မလား။ ဒီ ကိလေသာ အညစ်အကြေးတွေက ကင်းဝေးလာအောင် ကိုယ်တိုင်လုပ်လာလို့၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်လို့ ရလာတာ။ အပြောသက်သက် နဲ့၊ နားထောင်ရုံသက်သက်နဲ့ ရလာတာ မဟုတ်ဘူး။

http://www.dhammadownload.com



တကယ် လက်တွေ့ ကျင့်သုံးပြီးမှ ရလာတာ၊ မြတ်စွာဘုရားက ပြောပြီး-

**'န ဝေ ဓီရာ ပကုဗ္ဗန္တိ၊**
**ဝိဒိတွာ လောကပရိယာယံ'**

"ပညာရှိဆိုတာ အပြောနဲ့လုပ်ရတဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူးပေါ့။ မဟုတ်တာလည်း မလုပ်ဘူးပေါ့။ လောကရဲ့ သဘာဝတွေမျိုး အကုန်နားလည်တယ်။"

**'အညာယ နိဗ္ဗုတာ ဓီရာ၊**
**တိဏ္ဏာ လောကေ ဝိသတ္တိကံ။'**

ပညာရှိဆိုတာ အကယ့်ကို အစစ်အမှန် သိပြီးတော့ လောကမှာ တဏှာဆိုတဲ့ တွယ်တာမှုတွေ အားလုံးကို ဖြတ်ကျော်ပြီးသားဖြစ်တယ်။ ကိုယ်တိုင်

http://www.dhammadownload.com



ကြိုးစားအားထုတ်ပြီးတော့ တဏှာဆိုတဲ့ တွယ်တာမှု တွေအားလုံး ဖြုတ်ကျော်ပြီးသား ဖြစ်သွားတယ်။ ငါဟာ အပြောနဲ့အလုပ် မညီတာ ဘာတစ်ခုမှ မရှိဘူးဆိုတဲ့ အကြောင်းကို မြတ်စွာဘုရားက တရားစမ္မနဲ့ ပြောလိုက်တာ။

ဘုရားစကားလည်း ကြားလိုက်ရော အဲဒီနတ်တွေဟာ အံ့ဩတုန်လှုပ်သွားပြီး အကုန်လုံးမြေကြီးပေါ် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ ဆင်းလာကြတယ်။ ဆင်းလာကြပြီး မြေကြီးပေါ်မှာ ရပ်ကြတယ်။ မြတ်စွာဘုရား ခြေထောက်ကို ဦးတိုက်ပြီး "တပည့်တော်တို့ အပြစ်ကို ခွင့်လွှတ်ပါဘုရား၊ ခွင့်လွှတ်ပါ။ မြတ်စွာဘုရားကို မိုက်မဲသည့်အလျောက် တပည့်တော်များ အပြစ်ပြောဆိုမိပါတယ်။ မြတ်စွာဘုရားကို ပြစ်မှား ပုတ်ခတ်ထိုက်တယ်လို့ အထင်မှားမိပါတယ်။ ဒါကြောင့်မို့လို့ ဒီအပြစ်ကို သည်းခံတော်မူပါ" လို့ ဘုရားကို ရှိခိုးတောင်းပန်ကြတယ်။

http://www.dhammadownload.com



အဲဒီလို တောင်းပန်လိုက်တဲ့အချိန်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ပြုံးတော်မူလိုက်တယ်တဲ့။ သူတို့ပြောတဲ့ အပြောလေးကို ကြည့်ပြီး မြတ်စွာဘုရားကပြုံးတာ။ အဲဒီပြုံးလိုက်တဲ့အခါ သူတို့က တစ်ခါ ဒေါသဖြစ်ကြပြန်ရော။

ခက်တယ်၊ ပုဂ္ဂိုလ်ဆိုတာနော် အဲဒီနတ်တွေက တစ်ခါဒေါသဖြစ်ကြတယ်။ မြတ်စွာဘုရားက သူတို့ကို ဘာမှမပြောဘဲနဲ့ ပြုံးရုံ ပြုံးလိုက်တဲ့အခါ ဒေါသဖြစ်ပြီး ကောင်းကင်ယံ ပြန်တက်သွားကြတယ်။ ပြီးတော့ မြတ်စွာဘုရားကို ကဲ့ရဲ့ ရှုတ်ချကြပြန်တယ်၊ အပြစ်တင်ကြပြန်တယ်။

အဲဒီထဲမယ် နတ်တစ်ယောက်က မြတ်စွာဘုရားကို တိုက်ခိုက်ပြီး ဘာပြောတုန်းဆိုတော့-

http://www.dhammadownload.com



'အစ္စယံ ဒေသယန္တိနံ၊
ယော စေ န ပဋိဂ္ဂဏှာတိ၊
ကောပန္တရော ဒေါသဂရု၊
သ ဝေရံ ပဋိမုဉ္စတိ။'

"အပြစ်ကို ဝန်ချတောင်းပန်ရဲ့သားနဲ့ လက်မခံဘူးဆိုတဲ့ပုဂ္ဂိုလ်၊ သည်းမခံဘူးဆိုတဲ့ပုဂ္ဂိုလ်ကို ဒေါသရန်က ပြန်စွပ်တတ်တယ်။"

သူတို့စိတ်ထဲမှာ မြတ်စွာဘုရားက ပြုံးလိုက်တော့ သူတို့ တောင်းပန်တာကို လက်မခံဘူးလို့ ထင်သွားတယ်ပေါ့နော်။ အမြင်မှားပြီးတော့ ချက်ချင်း အပြစ်တင်ကြပြီး မြတ်စွာဘုရားကို လျှောက်တာ။

"စော်ကားမိပါတယ်လို့ အပြစ်ကို ဝန်ချတောင်းပန်တဲ့ ပုဂ္ဂိုလ်တွေရဲ့အပြစ်ကို လက်မခံဘူး။ ဒေါသနဲ့ တုံ့ပြန်တယ်၊ ရန်ငြိုးထားတယ်။ ဒီကောင်တွေ ငါ့ အပြစ်တင်တဲ့ကောင်တွေပဲ ဆိုပြီးတော့ ရန်ငြိုးထားလို့ရှိရင် အဲဒီ ရန်သည်လျှင် လက်မခံတဲ့ပုဂ္ဂိုလ်ကို ပြန်စွပ်တတ်

http://www.dhammadownload.com



တယ်”လို့ ပြောတာ ဖြစ်တယ်။ ဒီအကုသိုလ်က သူ့ကိုပဲ ပြန်စွပ်မိတယ်။

ဒီအချိန်မှာ မြတ်စွာဘုရားက ဘာပြန်ပြော တုန်း ဆိုရင်-

**‘အစ္စယော စေ န ဝိဇ္ဇေထ၊**
**နော စိဓာပဂတံ သိယာ။**
**ဝေရာနိ န စ သမ္မေယျုံ၊**
**ကေနိဓ ကုသလော သိယာ’။**

အဲဒီမှာ မြတ်စွာဘုရားက အပြစ်မရှိဘဲနဲ့ အပြစ်လို့ လာပြီးမြင်တဲ့ ပုဂ္ဂိုလ်မှာတဲ့ (မြတ်စွာဘုရားကို အပြစ်မရှိဘဲနဲ့ သူတို့က အပြစ်လို့ လာတင်တာကိုး။) အပြစ်တင်လို့ သည်းမခံဘူးဆိုတာလည်း မရှိဘူး။ ရန်ဆို တာလည်း နဂိုကတည်းကမရှိတာ။ သူများအပေါ်မှာ ရန်မထားတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဘယ်လို

http://www.dhammadownload.com



လုပ်ပြီး အပြစ်တင်မှာလဲလို့ မြတ်စွာဘုရားက မေးခွန်း ထုတ်လိုက်တယ်။

မေးတဲ့အခါကျတော့ အဲဒီ နတ်သားဟာ သတိတရား ရသွားတယ်။ မြတ်စွာဘုရားက "အပြစ်မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီးတော့ ငါ့ကို အပြစ်တင်လို့ရမလဲ" လို့ မိန့်တော့ အဲဒီနတ်သားက မြတ်စွာဘုရားကို ယခုလို မေးလျှောက်တယ်-

'ကဿစ္စယာ န ဝိဇ္ဇန္တိ'

အပြစ်မရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်လဲ။ ဘယ်ပုဂ္ဂိုလ်မှာ အပြစ်မရှိတာပါလဲ။

'ကဿ နတ္ထိ အပါဂတံ'

သည်းမခံခြင်းဆိုတဲ့ အပြစ်ကင်းတဲ့ ပုဂ္ဂိုလ်ဟာ အဘယ်ပုဂ္ဂိုလ်ပါလဲ။

http://www.dhammadownload.com



## 'ကော န သမ္မောဟ မာပါဒိ'

လောကမှာ မတွေဝေတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလဲ။

## 'ကောစ ဓီရော သဒါ သတော'

လောကမှာ အမြဲတမ်း သတိရှိနေတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလဲ။

"အပြစ်ကင်းတဲ့ပုဂ္ဂိုလ်၊ သည်းခံတဲ့ ပုဂ္ဂိုလ် (သည်းမခံတဲ့ အပြစ်မှကင်းစင်သူ) လောကမှာ တကယ့်ကို တွေဝေမှုမရှိတဲ့ပုဂ္ဂိုလ်၊ အမြဲတမ်း သတိရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလဲ"လို့ မြတ်စွာဘုရားကို မေးလျှောက်တယ်။

မြတ်စွာဘုရားက ယခုလို ဖြေတယ်-

http://www.dhammadownload.com



'တထာဂတဿ ဗုဒ္ဓဿ၊
သဗ္ဗဘူတာ နုကမ္ပိနော။
တဿစ္စယာ န ဝိဇ္ဇန္တိ၊
တဿ နတ္ထိ အပါဂတံ'

အေး - လောကမှာ သတ္တဝါတွေအပေါ် အကြင်နာတရားထားတဲ့ မြတ်စွာဘုရား၊

ကြည့်လေ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဘယ်ပုဂ္ဂိုလ်ကိုမှ အပြစ်တင်တာမျိုး မရှိဘူး၊ မလုပ်ဘူး။ ဘယ်ပုဂ္ဂိုလ်ကိုမှ အပြစ်မတင်ဘူး။

မြတ်စွာဘုရားမှာ ပညာနဲ့ ကရုဏာ ဒီနှစ်ခု ရှိတယ်။ ပညာဆိုသည်မှာ သတ္တဝါတွေရဲ့ အကျိုးကို ဆောင်ရွက်တဲ့နေရာမှာ ဘယ်ဟာက အကျိုးဖြစ်နိုင်တယ်၊ ဘယ်ဟာက အကျိုးမဖြစ်နိုင်ဘူးလို့ ခွဲခြားသိနိုင်တယ်။ ဒါ့ကြောင့် ပညာဟာ အရေးကြီးတယ်။ အကြင်နာတရား ဆိုတာ သတ္တဝါတွေရဲ့ဒုက္ခကို မနေစိမ့်တာ အကြင်နာတရားပဲ။ တချို့ကျတော့ နေစိမ့်တယ်လေ။

http://www.dhammadownload.com



ကိုယ်ဖြစ်တာမှ မဟုတ်တဲ့ဘဲနဲ့ ဘာဂရုစိုက်စရာလိုလဲဆို နေစိမ့်တာ။ ကရုဏာကင်းမဲ့တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်ကို ဂရုမစိုက်ဘူး။ ကရုဏာရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုနည်းနဲ့ ပုဂ္ဂိုလ်တစ်ယောက် အခက်အခဲတွေက လွှန်မြောက်အောင် လုပ်ပေးရမလဲလို့ဆိုတဲ့ အတွေး ရှိတယ်။ လုပ်ပေးတဲ့နည်းလမ်းကို သိတာကျတော့ ပညာ။

အဲဒါကြောင့်မို့ အကြင်နာနဲ့ပညာ ဒီနှစ်ခု ပေါင်းစပ်ထားပြီး လောကသားတွေရဲ့ အကျိုးကို ဆောင်ရွက်နေတဲ့ မြတ်စွာဘုရားဟာ ဘယ်လိုလုပ်ပြီးတော့ အပြစ်ဆိုတာ ရှိနိုင်မှာလဲ။ လောကမှာ ဘုရားဆိုတဲ့ ပုဂ္ဂိုလ်မှာ အပြစ်မရှိဘူးတဲ့။

သတ္တဝါတွေအပေါ်မှာ အကြင်နာထားတဲ့ ပုဂ္ဂိုလ်မှာ သည်းမခံဘူးဆိုတာ ဘယ်ရှိမလဲ။ အားလုံးအပေါ်မှာသည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနဲ့ပဲ အများသတ္တဝါတွေရဲ့ အကျိုးကို ဆောင်ရွက်တာ ဖြစ်တယ်။

http://www.dhammadownload.com



မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ရဲ့ အလောင်းတော် ပါရမီဖြည့်ခဲ့တာကိုပဲ ကြည့်လေ။ ပါရမီဖြည့်တယ်ဆိုတာ ဘာကိုအခြေခံပြီး ပါရမီဖြည့်တာတုန်းဆိုရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကို အခြေခံတယ်။

ပါရမီဖြည့်ဖို့အတွက် ဗြဟ္မစိုရ်တရား လေးပါးထဲမယ် မေတ္တာဆိုတာ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို လိုလားတဲ့စိတ်၊ အဲဒီ လိုလားတဲ့စိတ်နဲ့ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို အမြဲဆောင်ရွက်တဲ့အခါမှာ ကိုယ်ဆောင်ရွက်တဲ့အတိုင်း ဖြစ်မလာတဲ့ သနားစရာပုဂ္ဂိုလ်ဆိုတာ ပေါ်လာသေးတယ်။ အဲဒီ ပုဂ္ဂိုလ်တွေကျတော့ ကရုဏာထားရတယ်၊ တချို့ပုဂ္ဂိုလ်တွေကျတော့ ကြီးပွားတိုးတက်သွားတယ်။ အဲဒီလို ကြီးပွားတိုးတက်သွားလို့ ရှိရင် ဝမ်းသာတဲ့မုဒိတာဆိုတာ ဖြစ်တယ်။ အဲဒီ **မေတ္တာ၊ ကရုဏာ၊ မုဒိတာ** နဲ့ သတ္တဝါတွေအပေါ်မှာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဆိုတဲ့ **ဥပေက္ခာ**၊ အဲဒီ **ဗြဟ္မဝိဟာရ**

http://www.dhammadownload.com



အခြေခံပြီးတော့ သတ္တဝါတွေအကျိုးအတွက် ခွဲခြားမှု မပြုဘဲ ပါရမီ ၁၀-ပါး ဖြည့်ကျင့်ခဲ့တယ်။

သူတို့အကျိုးအတွက် လိုအပ်ချက်တွေကို ပေးလှူတာက **ဒါန**၊ သတ္တဝါတွေကို မနစ်နာအောင် မထိခိုက်အောင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်တာက **သီလ**၊ ထိန်းသိမ်းစောင့်ရှောက်မှုကို ခိုင်မာဖို့ အတွက် ဒီလောကကြီးက ထွက်ခွာပြီး တစ်ဦးတည်း နေထိုင်ကျင့်သုံးတာက **နေက္ခမ္မ** ဒီလိုဆိုလိုတာပေါ့နော်။

ပါရမီဖြည့်တယ်ဆိုတာ တစ်ခုနဲ့ တစ်ခု ကွင်းဆက်ပဲ။ အဲဒီလို ဒီ **ဒါန**ရယ်၊ **သီလ**ရယ်၊ **နေက္ခမ္မ** ရယ်။ အဲဒီလိုကျင့်တဲ့အခါမှာ အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားသိတဲ့ **ပညာ**ဆိုတာ အရေးကြီး တယ်။

ပညာရှိသော်လည်း ကြိုးစားအားထုတ်မှု လိုတယ်။ ကြိုးစားတဲ့အခါမှာ သည်းခံမှုဆိုတဲ့ **ခန္တီ** လိုအပ်တယ်။ ဘာလုပ်လုပ် စွဲစွဲမြဲမြဲလုပ်ဖို့ **အဓိဋ္ဌာန်**

http://www.dhammadownload.com



ဆိုတာ လိုအပ်တယ်။ အများအပေါ်မှာ ကတိတည်တဲ့ **သစ္စာ** ဆိုတာ လိုအပ်တယ်။

အဲဒီလို ပါရမီတွေဖြည့်ပြီးတော့ နောက်ဆုံးမှာ **မေတ္တာ**ပါရမီနဲ့ **ဥပေက္ခာ**ပါရမီကို ဖြည့်တယ်။ အဲဒီမှာ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို လိုလားတာကို မေတ္တာ၊ ကိုယ်က အကျိုးကျေးဇူးပြုလိုက်တဲ့ သတ္တဝါတွေရဲ့ဆီက တုံ့ပြန်တာကို မမျှော်လင့်တာက ဥပေက္ခာ။ ဒါကြောင့်မို့ ပါရမီဆယ်ပါးထဲမှာ ကရုဏာပါရမီ နဲ့ မုဒိတာပါရမီ မရှိပေမဲ့ **မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ** ရှိတယ်။

**မေတ္တာယ ပုဗ္ဗကာရိနော** တဲ့၊ မြတ်စွာဘုရားဟာ မေတ္တာရှိသည့်အတွက်ကြောင့် သတ္တဝါတွေရဲ့ အကျိုးကို မိမိက စတင်ပြီး သည်ပိုးပေးတယ်၊ ဆောက်ရွက်ပေးတယ်။ အများကောင်းကျိုး ဆောင်ရွက်ပေးတယ်။

အဲဒီလို အများကောင်းကျိုး ဆောင်ရွက်ပေးတဲ့ အခါမှာ သူတို့ဆီက အတုံ့အပြန် ရလာမယ့်အရာကို

http://www.dhammadownload.com



မမျှော်လင့်တာ **ဥပေက္ခာ**။ **'ဥပေက္ခာယ ပစ္စုပကာရံ နာသီသန္တိ'** တဲ့ သူတို့ဆီက ဘာတစ်ခုမျှ မမျှော်လင့်ဘူး။

လောကလူသားတွေက ဒီလိုမဟုတ်ဘူး။ ကူတော့ ကူညီချင်တယ်။ မျှော်လင့်ချက်ရှိတယ်နော်။ ငါ ဘယ်တုန်းက ဘာလုပ်ပေးထားတာ၊ ဒီကောင်က ငါ့ အောက်ကပါ။ ငါဘယ်လို ထောက်ခံကူညီထားရတာ၊ အခုမှ သူက ဘာဖြစ်နေတယ်။ ညာဖြစ်နေတယ်နဲ့ အပြစ်တင်ကြတဲ့ လေသံတွေ အများကြီး ရှိတတ်တယ်ပေါ့။

အဲဒီတော့ မြတ်စွာဘုရားကျတော့ အဲဒါမျိုး လုံးဝမရှိဘူး။ ကိုယ်က မေတ္တာနဲ့ ကူညီထားတဲ့ ပုဂ္ဂိုလ်တစ်ဦးကို သူ့ဆီက တုံ့ပြန်လာတာကို ဘာတစ်ခုမှ မမျှော်လင့်ဘူး၊ ဒီလိုဆိုလိုတယ်ပေါ့နော်။ တုံ့ပြန်လာတာကို မမျှော်လင့်ဘူး၊ ဥပေက္ခာနဲ့ မျှော်လင့်မှု မရှိဘူးလို့ ဒီလိုပြောတာ။

http://www.dhammadownload.com



ဒါကို ရည်ညွှန်းပြီးတော့ မြတ်စွာဘုရားက ပြောတာ

'တထာဂတဿ ဗုဒ္ဓဿ၊
သဗ္ဗဘူတာနုကမ္ပိနော။
တဿစ္စယာ နဝိဇ္ဇန္တိ၊
တဿနတ္ထိ အပါဂတံ။
သော န သမ္မောဟ မာပါဒိ၊
သော၀ ဓီရော သဒါ သတော။'

မြတ်စွာဘုရားဆိုတဲ့ ပုဂ္ဂိုလ်မှာတဲ့ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို လုပ်နေသည့်အတွက်ကြောင့် ဘာအပြစ်မှ မရှိဘူး။ သည်းမခံခြင်း၊ ခွင့်မလွှတ်ခြင်း ဆိုတာလည်း မရှိဘူး။ အမှန်မသိခြင်း၊ တွေဝေ မိန်းမောခြင်း ဆိုတာလည်း မဖြစ်ဘူး။ အဲဒီ မြတ်စွာဘုရား ဆိုတဲ့ ပုဂ္ဂိုလ်သည်သာလျှင် ပညာရှိပြီး အခါခပ်သိမ်း သတိ

http://www.dhammadownload.com



ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူတယ်။

အေး- ငါက အပြစ်ကိုလာပြီး ဝန်ခံပြောဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ အပြစ်ကို ငါလက်မခံတာ မဟုတ်ဘူး။ ဒေါသနဲ့လည်း ငါတုံ့ပြန်တာ မဟုတ်ဘူး။ အဲဒါကြောင့် မကောင်းတဲ့ရန်ငြိုးတွေ ငါ့အပေါ်မှာ စွပ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ငါဟာ မင်းတို့ရဲ့ အပြစ်တွေကို အပြစ်လို့ ငါလက်ခံတယ်၊ သည်းခံတယ်၊ ခွင့်လွှတ်တယ်လို့ ပြန်လည် မိန့်ကြားတော်မူခဲ့ပါတယ်။

တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်းတို့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်ပင်လျှင် အပြစ်တင်ခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ရှုတ်ချခံရခြင်းဆိုတာဟာ မကင်းနိုင်တဲ့ အနေအထားမျိုး ဖြစ်တယ်။ ဒါကြောင့်မို့ တို့တတွေဟာ ဘုရားတောင်မှ အပြစ်တင်ခံရတာ ဖြစ်သည့်အတွက်ကြောင့် သူများက အပြစ်တင်တာ ခံလာရလို့ရှိရင်လည်း တို့တတွေဟာ စိတ်ဆိုးခြင်း၊

http://www.dhammadownload.com



တုံ့ပြန်ခြင်းမလုပ်ဘဲနဲ့ မိမိတို့ကိုယ်တိုင်ကလည်း သူများကို အပြစ်တင်ခြင်း ဆိုတာမျိုးတွေ မလုပ်မိအောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး လိုက်နာ ကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by- **U Ye` Htut**
Typed by- **Ma Thu Nwe Hlaing**
Final edition copy by **Htet Naing San.**

http://www.dhammadownload.com

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘမိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
မိုးကောင်းဘုရားဝင်းအတွင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(၄)၊ အခန်း(၅)၊ ရွှေဂုံတိုင်လမ်းမကြီး၊
တာမွေ Ocean Super Center နှင့် ရွှေဂုံတိုင်ဆေးရုံကြား၊ ဗဟန်း။
ဖုန်း ၀၉-၂၅၈၂၇၂၇၁၁၊ ၀၉-၇၆၄၆၇၆၄၆၀

http://www.dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်

၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)

၄၅။ တရားသိလျက် အကျင့်ခက်

၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ

၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်

၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်

၄၉။ ရတနသုတ်အနှစ်ချုပ်

၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ

၅၂။ အထင်များ အမြင်များ

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒီ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘောဇ္ဈင်္ဂ

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

http://www.dhammadownload.com

၁၂၇။ ကောသလဒါဒိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ မေ္တာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး

http://www.dhammadownload.com

၁၄၈။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျန်းမာသူများအတွက် အထူးနှလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်
၁၅၂။ မာလုက္ကျပုတ္တရဟန်းအတွက် အလုပ်ပေးတရား
၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း

http://www.dhammadownload.com